ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

ချောင်းစောက်ကျေးရွာ၊ ရေကျော်ကျေးရွာအုပ်စု

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.......................................................................................................... ၂
၂။ရေကျော်ကျေးရွာအုပ်စုမြေပုံ........................................................................................................ ၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.................................................... ၄
၄။ကျေးရွာအခြေခံအချက်အလက်များ............................................................................................... ၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.................. ၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.....................၂၁
၈။ ကျေးရွာကော်မတီဝင်များစာရင်း.................................................................................................၂၂
၉။ပုံစံ-၁။ကျေးရွာအချက်အလက် .......................................................................... ၂၃
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .................................................................................၂၆
၁၁။အစည်းအဝေးမှတ်တမ်းများ.........................................................................................................၂၉
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).............................................၃၄

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ရေကျော်ကျေးရွာ အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ရေကျော်ကျေးရွာ၊

၂။ ချောင်းစောက်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ချောင်းစောက်ကျေးရွာသည် ရွာ၏မြောက်ဘက်တွင် ကွေ့ကောက်စွာတည်ရှိနေသော ချောင်းကောက်ကို အစွဲပြု၍ ချောင်းကောက်ဟုခေါ်တွင်ရာမှ နှစ်များစွာပြောင်းလဲလာသောအခါ ချောင်းစောက်ကျေးရွာဟုဖြစ်ပေါ်လာပါသည်။ချောင်းစောက်ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ခန့်က အိမ်ခြေ (၇၀) ခန့်ဖြင့် စတင်တည်ထောင်ခဲ့ရာယခုအခါ အိမ်ခြေ (၆၃၁)အိမ်၊ အိမ်ထောင်စု (၆၄၈)စု၊ လူဦးရေ (၂၁၈၃) ယောက် အထိများပြားလာခဲ့ပါသည်။ချောင်းစောက်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး ခရီးမိုင်အားဖြင့် (၁၁) မိုင်ကွာဝေးပါသည်။သန်လျင်လမ်းမကြီးပေါ်မှ ဆင်းပြီးဆေးလုံးကြီးကျေးရွာကိုဖြတ်ကာချောင်းစောက်ကျေးရွာသို့ကျေးရွာခြင်းဆက်ကွန်ကရစ်ဘီးလမ်းရှိပါသည်။ ယခင်အချိန်က ထိုကျေးရွာချင်းဆက်လမ်းမှာမြေသားလမ်း တာဘောင်လမ်းဖြစ်ပြီး မိုးရာသီတွင်သွားလာရေးခက်ခဲခြင်း၊စိုက်ပျိုးသီးနှံများဈေးကွက်တင်ပို့ရန်ခက်ခဲခြင်း၊ ပညာရေးနောက်နေခြင်း၊ ကျန်းမာရေးအတွက်ခက်ခဲခြင်းစသည့်အဆင်မပြေမှုများစွာရှိပြီး ယခုအခါကျေးရွာခြင်းဆက်ကွန်ကရစ်လမ်း ပြုလုပ်ထားသောကြောင့်လူမှုစီးပွါးတိုးတက်လာပါသည်။ကျေးရွာရှိလူများအားလုံးသည် ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကာ ယခုအခါ ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပါသည်။ကျေးရွာရှိအိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်သည် လယ်ကွင်း၊ ယာကွင်းများတွင်နေထိုင်ပြီး အိမ်ခြေ (၂၀၀) ခန့်သာကျေးရွာ အတွင်းနေထိုင်ကြပါသည်။အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး စပါး၊ ပဲတို့ကို အဓိကစိုက်ပျိုးကြပါသည်။ရှေးအခါက ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားရာမှ ၁၉၆၀ ခုနှစ်တွင် မူလတန်းကျောင်းကိုရရှိကာ၊ ကျန်းမာရေးအတွက် ဘိန်းတောဆရာများကို အားကိုးပြီး ဆေးဆိုင်များမှသောက်ဆေးများဝယ်သောက် ကြရာမှ ၁၉၉၉ ခုနှစ်တွင် ကျေးလက်ဆေးပေးခန်းရရှိလာပါသည်။ချောင်းစောက်ကျေးရွာ၏ မြောက်ဘက်တွင် သန်လျင်မြို့နယ်၊ တောင်ဘက်တွင်ကြာကန်ကျေးရွာ၊အရှေ့ဘက်တွင်ပျဉ်းမကန်ကျေးရွာ၊အနောက်ဘက်တွင်ဆေးလုံးကြီးကျေးရွာတို့ နှင့် နယ်နမိတ်ထိစပ်နေပါသည်။

လမ်းပန်းဆက်သွယ်ရေးအတွက်ယခုအခါ ကျေးရွာ၏သုံးပုံနှစ်ပုံ ခန့်လမ်းများကို ကွန်ကရစ်ခင်းထားသော်လည်း ကွက်သစ်ပိုင်းများ၊ ရွာတွင်းအချို့နေရာများတွင် မြေသားလမ်းများဖြစ်သည့်အတွက် မိုးရာသီတွင်သွားလာရေးအခက်အခဲရှိပါသည်။ရွာတွင်းတွင် မြေသားသောက်ရေကန်(၈)ကန်ရှိပြီးရေကန်ခြံစည်းရိုးများမလုံခြုံသောကြောင့်သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက်အခက်အခဲရှိပါသည်။ ၂၀၀၈ ခုနှစ်တွင်နာဂစ်မုန်တိုင်းကြောင့် ကျေးရွာရှိအိမ်ခြေ၏ သုံးပုံနှစ်ပုံခန့်သည်ခေါင်မိုးများပျက်စီးခြင်း၊သစ်ပင်များပျက်စီးခြင်း၊ရွာလမ်းပျက်စီးမှုများရှိခဲ့ပါသည်။ထောက်ပံ့မှုအ

တွက် စေတနာရှင်များမှ အစားအသောက်များ၊ တာပေါ်လင်များ၊ အခြားထောက်ပံ့ပစ္စည်းများ လှူဒါန်းကူညီခဲ့ကြပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၆၅ | ၁၀၇ | ၉၂ | ၁၆၅ |
| မြေယာမဲ့ | ၂၅၀ | ၄၄၀ | ၅၀၃ | ၉၄၃ |
| မသန်စွမ်း | ၅ | ၀ | ၅ | ၅ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | | |
| ပဲတီစိမ်း | ဝက် | | |
| | ဆိတ် | | |
| | နွား | | |
| | ဘဲ | | |

### ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၇၀၀ | ၂၀၀ | - | မရှိ | -/၇ | ၇ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၆ | ၂၅ | ၄ | ၁၀ | - | ၆ |

### ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၅ | - | - | - | ၁၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |


| | | | | | |
|---|---|---|---|---|---|
| အရေအတွက် | ၃၀ | ၃၀၀ | ၅ | ၂၄၀ | ၁၆ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၉ | ၂၃ | ၅၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၉ | ၂၃ | ၅၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၃-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၉၃ | ၁၆၉ | ၄၆၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၄-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၉ | ၂၃ | ၅၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၄-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၉ | ၂၃ | ၅၂ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၉၃ | ၁၆၉ | ၄၆၂ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




### သုံးသပ်ချက်

ချောင်းစောက်ကျေးရွာတွင် အိမ်ထောင်စု (၆၄၈)စု ရှိပြီး လူဦးရေ (၂၁၈၃) ယောက်ရှိပါသည်။ ဗမာလူမျိုးများနေထိုင်ပြီးဗုဒ္ဓဘာသာကိုးကွယ်ကာဘုန်းတော်ကြီးကျောင်း(၂)ကျောင်းရှိပါသည်။ရွာတွင်းလမ်းများတွင် သုံးပုံ (၂)ပုံခန့်မှာ ကွန်ကရစ်လမ်းများဖြစ်ပြီး အချို့လမ်းသွယ်များမှာ မြေသားလမ်းများ ဖြစ်သောကြောင့် မိုးတွင်းသွားလာရေး အခက်အခဲရှိပါသည်။ရွာရှိလူအများစု သည်လယ်ယာ ကွင်းထဲတွင် နေထိုင်ကြပြီး

သုံးပုံတစ်ပုံခန့်သာကျေးရွာအတွင်းတွင်နေထိုင်ကြပါသည်။အဓိကစီးပွါးရေးလုပ်ငန်းများအဖြစ်လယ်/ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ ကျပန်းလုပ်ကိုင်သူ ၄၀%ခန့်ရှိပါသည်။ရွာတွင် မြေသားသောက်သုံးရေကန် (၈)ကန်ရှိပြီး ရေကန်ခြံစည်းရိုးကာရန်ထားခြင်းမရှိသောကြောင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရန် အခက်အခဲရှိပါသည်။

ချောင်းစောက်ကျေးရွာသည်ကျောက်တန်းမြို့၏အရှေ့မြောက်ဘက်တွင်တည်ရှိပြီးမြောက်ဘက်တွင်သံလျှင်ချောင်းစောက်ကျေးရွာ၊တောင်ဘက်တွင်ကြာကန်ကျေးရွာ၊အရှေ့ဘက်တွင်ပျဉ်းမကန်ကျေးရွာ၊အနောက်ဘက်တွင်ဆေးလုံကြီးကျေးရွာတို့နှင့်နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ပညာရေးအတွက် မူလတန်းကျောင်းနှင့် မူကြိုကျောင်းသာရှိပါသည်။စာသင်ကျောင်းများတွင်ကျန်းမာသန့်ရှင်းရေးအတွက်ယင်လုံအိမ်သာများလိုအပ်ချက်ရှိပါသည်။ကျန်းမာရေးဝန်ဆောင်မှုများမလုံလောက်သည့်အတွက် ကိုယ်ဝန်ဆောင်များ မလုံလောက်သည့်အတွက် ကိုယ်ဝန်ဆောင်များ အရေးပေါ်လူနာများကုသရာတွင် အခက်အခဲရှိပါသည်။

**၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**





| အမျိုးအစား | သတ်မှတ်ချက် / ဥစ္စာပစ္စည်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြည့်စုံ | ဆိုင်ကယ်၊ ထွန်စက်၊ လယ်မြေ (၁၅)၊ ကား၊ ရေစက်၊ တိုက်အိမ် | ၆၅ | ၁၀ |
| အလယ်အလတ် | ဆိုင်ကယ်၊ လယ်မြေ(၅)၊ ပျဉ်ထောင်အိမ်၊ လယ်ယာသုံးစက်၊ | ၃၂၄ | ၅၀ |
| နွမ်းပါး | ဓနိမိုးအိမ်၊ စက်ဘီး၊ ဝင်ငွေနည်းပါး၊ မူလတန်းအထိသာကျောင်းတက်နိုင်ခြင်း | ၂၅၉ | ၄၀ |
| စုစုပေါင်း | | ၆၄၈ | ၁၀၀ |

## သုံးသပ်ချက်

ချောင်းစောက်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၅ ဧကအထက်၊ ကား၊ ရိတ်သိမ်းချွေလှေ့စက်၊ လယ်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ခြွေလှေ့စက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၆၅)စုနှင့် ရာခိုင်နှုန်းမှာ(၁၀%)ရှိပြီး၊ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊သွပ်မိုးအိမ်၊ လယ်-၅ဧက၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုမှာ (၃၂၄) စုနှင့် ရာခိုင်နှုန်းမှာ (၅၀%) နှင့် နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊ စက်ဘီး၊ သားသမီးများကိုမူလတန်းအဆင့်ထိသာကျောင်းထားနိုင်သောအိမ်ထောင်စုမှာ (၂၅၉)စု ရာခိုင်နှုန်းမှာ (၄၀%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဥတု** တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ နယုန်၊ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး လများတွင် ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** နယုန်လနှင့်ဝါဆိုလများတွင်စပါးကို စတင်စိုက်ပျိုးပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ်၊နွား၊ဘဲ တို့ကို မွေးမြူကြပါသည်။

**ကျန်းမာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ ရှိပါသည်။တန်ခူး၊ ကဆုန် လများတွင် ဝမ်းပျက်ဝမ်းလျော ရောဂါနှင့် မိုးများသော လများတွင် သွေးလွန်တုတ်ကွေးရောဂါ တို့ဖြစ်လေ့ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

အချို့နေရာများတွင်မိုးရာသီ၌သွားလာရာခက်ခဲသောကြောင့်ကျောင်းသားများသွားလာရေးခက်ခဲခြ ခင်း၊ ကုန်ပစ္စည်းများတင်ပို့ရန်အခက်အခဲရှိပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း** ကျေးရွာ၏အဓိက စီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သောကြောင့် စပါးစိုက်ပျိုးချိန်၊ရိတ်သိမ်းချိန်၊ပဲစိုက်ချိန်၊သိမ်းချိန်များတွင်အလုပ်အကိုင်အခွင့်အလမ်းရှိသော်လည်းကျန်အချိန်များတွင်နေ့စားလုပ်သားအနေဖြင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့်ကြုံတွေ့ရပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** -တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲ၊ တန်ပေါင်းလများ တွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေကောင်းသောအချိန်ဖြစ်ပါသည်။ဝါဆို၊ဝါခေါင်လစပါးစိုက်ပျိုးချိန်တွင်ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**သောက်သုံးရေ**

တန်ပေါင်း၊တန်ခူး၊ကဆုန်လများတွင်အပူချိန်မြင့်မားသောကြောင့်ကျေးရွာတွင်းရှိမြေသားသောက်ရေကန်များရေနည်းခြင်း၊ အနည်ထခြင်းများကြောင့်သောက်ရေအတွက် အခက်အခဲရှိပါသည်။

## ၄။ ဗင်းပုံစံသုံးသပ်ချက်။




## သုံးသပ်ချက်

ချောင်းစောက်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်းအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်ဦးဆောင် ကာအဓိက အခန်းကဏ္ဍမှ ပါဝင်ဆောက်ရွက်ခဲ့ပါသည်။ ဂေါပကအဖွဲ့ နှင့် လူမှု့ကူညီရေးအဖွဲ့သည် ဘာသာရေးကိစ္စများတွင် အဓိက ပါဝင်သည်။ မြစိမ်းရောင်အဖွဲ့၊ ပက်မြန်မာ၊ သမဝါယမအသင်း နှင့် စိုက်ပျိုးရေးဘဏ် တို့သည် ကျေးရွာလူထုဝင်ငွေရရှိရေးအတွက် မြို့နယ်နှင့်ချိတ်ဆက်ဆောင်ရွက်မှု့များရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်ရှိအထွေထွေအုပ်ချုပ်ရေးမှုးရုံး နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေး နှင့်တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု့များရှိပါသည်။ ကျေးရွာရှိကြက်ခြေနီအဖွဲ့သည် မြို့နယ်ကြက်ခြေနီအဖွဲ့နှင့်ချိတ်ဆက်ကာ သင်တန်းများပေးခြင်း နှင့် ကျေးရွာလူထုအားအသိပညာဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်ပါသည်။ ပညာရေးလုပ်ငန်းများအတွက် ကျေးရွာရှိကျောင်းကော်မတီ နှင့် မူကြိုကျောင်းကော်မတီတို့သည် မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ကာ လိုအပ်ချက်များကို ဆောင်ရွက်မှု့များရှိပါသည်။

ကျေးရွာရှိအရံ မီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့် ချိတ်ဆက်ကာ ကျေးရွာလုံခြုံရေး နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက်အသိပညာပေးခြင်း၊ကြီးကြပ်ခြင်းလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့်ချိတ်ဆက်ကာ ကျန်းမာရေးအသိပညာပေး ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

**လူမှုရေးကိစ္စများတွင်ပါဝင်နိုင်မှု** ကျေးရွာရှိလူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ပူးပေါင်းလုပ်ဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**ကျန်းမာရေးဗဟုသုတ** အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးအသိပညာ ပိုမိုသိရှိသည်ကိုတွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်းစဉ်လာအရ ဝင်ငွေရရှိမှုတွင်အမျိုးသားများက အမျိုးသမီးများထက် ဝင်ငွေ ပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု**

အိမ်မှုကိစ္စဆောင်ရွက်ရာတွင်အမျိုးသမီးများကအများဆုံးတာဝန်ယူထားပြီးအမျိုးသားများကအနည်းငယ်ပူးပေါင်းပါဝင်နေသည်ကိုတွေ့ရပါသည်။


**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင်အလမ်းမှာ ထက်ဝက်နီးပါးကွာခြားသည်ကိုတွေ့ရှိရပါသည်။


**အမွေရပိုင်ခွင့်** အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။

**ပညာရေး**

ပညာသင်ကြားနိုင်မှုအခွင့်အလမ်းတွင်လည်းအမျိုသားများကအမျိုးသမီးများထက်အနည်းငယ်သာလွန်နေကြောင်းတွေ့ရှိရပါသည်။

၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။





## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ယာမြေ၊ လယ်ထွန်စက်၊ သုသာန်၊ အုပ်ချုပ်ရေးမှူးရုံး၊ သောက်ရေကန်၊ စက်ရေတွင်း၊ စာကြည့်တိုက်၊ ဘောလုံးကွင်းစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ လမ်း၊ ဆိုင်ကယ်၊ ဆေးပေးခန်း၊ စာသင်ကျောင်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သောဘောလုံးကွင်းတစ်ခုတည်းကိုသာအမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ လယ်ယာမြေ၊ လမ်း၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ ဆေးပေးခန်း၊ သုသာန်၊ အုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်း၊ သောက်ရေကန်၊ စက်ရေတွင်း၊ စာကြည့်တိုက် တို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၅.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| | **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

| **အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ** |
|---|
|  |
| **အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။** |



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမြင့်စိုး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်တင်နွဲ့ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးစိုးသန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးအေးလွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်အိစန္ဒာအောင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးဖြိုးဝေလင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်သန္တာရွှေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးခင်ဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်မူမူအေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးဝင်းရွှေ | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်ဝေသူနှင်း | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးဝင်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်စန်းစန်းဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်အေးအေးမော် | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်ကျား-၇ ယောက် + မ၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်အေးသူဇာ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးမောင်အုံး ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ
၃။ဒေါ်ကေသွယ်ဦး ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်
၄။ဦးခင်ဝင်း ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးအောင်ညီညီစိုး

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၅.၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦး.ရဲဝင်းဇော် | | 09 - 790878708 | | ဦး.[illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] | |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၆၄၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၆၄၈ |
| လူမျိုးစု (၂) ------ ----- | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၀၅၇ | ၁၁၂၆ |
| လူမျိုးစု (၁)-ရှမ်း | ၁၀၅၇ | ၁၁၂၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၉၆ | ၅၂ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | | သားဖွားဆရာမ | ☑ | ☐ | | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | (လူသွားလမ်း) | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/[မရှိပါ]/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/[မော်တော်ဆိုင်ကယ်]/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၃၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/[ခြေလျင်]/လှေ/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] (၃) [illegible]
(၂) [illegible] (၄) ကျောင်းကော်မတီ

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးရင်အောင်

လက်မှတ် [signature] နေ့စွဲ ၃.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၃.၂.၂၀၁၇

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ပန်ထမ်းအမည် ဦးကောင်းညွှန့်ရှိန် | | | |
| နေ့စွဲ ၅.၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☒ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ရေချမ်း | ကျေးရွာ ရွာသစ်ကောက် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၁ | မိုးရာသီကျောင်းသားများသွားလာရေး ခက်ခဲခြင်း |
| ၂ | ရေကြောင်းဖြတ်လုပ်ငန်း အခက်အခဲ | ၂ | သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း |
| ၃ | ရေချိုးရေလောက်သော အခက်အခဲ | ၃ | သောက်သုံးရေချိုးရေလောက်ခြင်း |
| ၄ | ရေမြောင်း အခက်အခဲ | ၄ | ကျန်းမာရေးဌာနဆောင်မှုများ အတွက် ဆေးဝါးပစ္စည်းများ မလုံလောက်ခြင်း |
| ၅ | | ၅ | ကျောင်းသားများ ပို့ဆောင်ရေး အခက်အခဲ ရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် | ၁ | စာသင်ကျောင်းလမ်းများ ကောင်းမွန်လာစေရန် |
| ၂ | ရေကြောင်းဖြတ်လုပ်ငန်း ကောင်းလာစေရန် | ၂ | ရေကောင်း ရေသန့် ရရှိစေရန် |
| ၃ | ရေချိုးရေလောက်ငှာ ရရှိစေရန် | ၃ | သောက်သုံးရေချိုးရေလောက်စေရန် |
| ၄ | ရေမြောင်းများ ပြီးစေရန် | ၄ | ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများ ကောင်းမွန်လာစေရန် |
| ၅ | | ၅ | ကျောင်းသားများ ပညာသင်ကြားရေး အဆင်ပြေစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်း | အမျိုးသား + အမျိုးသမီး | ၁၀၅၀၀,၀၀၀ | ၂၁၈၇ |
| ၂ | ရေကြောင်းဖြတ်လုပ်ငန်း ပြုလုပ်ခြင်း | အမျိုးသား + အမျိုးသမီး | ၉,၂၀၀,၀၀၀ | ၂၁၈၇ |
| ၃ | စာသင်ကျောင်းလမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | ၃,၀၀၀,၀၀၀ | ၂၁၈၇ |
| ၄ | အကောက်ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်း | အမျိုးသား + အမျိုးသမီး | ၄,၀၀၀,၀၀၀ | ၂၁၈၇ |
| ၅ | ရပ်ကွက်ကျောင်းလမ်း ကွန်ကရစ်ခင်းခြင်း | အမျိုးသား + အမျိုးသမီး | ၃,၃၀၀,၀၀၀ | ၂၁၈၇ |
| ၆ | အသင်းကျောင်းမှ ကျောင်းသားများ တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | ၂,၀၀၀,၀၀၀ | ၂၁၈၇ |
| ၇ | ဆေးပေးခန်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | ၅၀၀,၀၀၀ | ၂၁၈၇ |
| ၈ | အသင်းကျောင်း ဖြတ်တံတား ပြုပြင်ရန် | အမျိုးသား + အမျိုးသမီး | ၆၀,၀၀၀,၀၀၀ | ၂၁၈၇ |
| ၉ | ရေမြောင်းများ ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | ၅၀,၀၀၀,၀၀၀ | ၂၁၈၇ |
| ၁၀ | ရေထုကန် တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | ၅၀,၀၀၀,၀၀၀ | ၂၁၈၇ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| | စိုက်ပျိုးရေး နည်းပညာ သင်တန်း | အမျိုးသား + အမျိုးသမီး | |
| | ကွန်ပြူတာ သင်တန်း | အမျိုးသား + အမျိုးသမီး | |
| | [illegible] | အမျိုးသား + အမျိုးသမီး | |
| | [illegible] | အမျိုးသား + အမျိုးသမီး | |
| | စက်ချုပ် သင်တန်း | အမျိုးသား + အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- [illegible] လက်မှတ်- [illegible] နေ့စွဲ- ၅.၂.၂၀၁၇

## လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

### ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ချောင်းဆောက်ကျေးရွာ

ကျေးရွာအုပ်စု ရေကျော်ကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ချောင်းဆောက်ကျေးရွာ ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၃. ၂. ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာ [crossed out] စီမံကိန်း မိတ်ဆက်အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၉၃)ဦး ၊မ (၁၆၉ )ဦး= (၄၆၂) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်း နှင့် ပတ်သက်သည်များကို သိရှိစေရန်နှင့် ကျေးရွာအတွက် ကောင်းကျိုးများ ထွက်ပေါ်လာစေရန်

ဆွေးနွေးချက်များ ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇင်အောင်မှ စီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အပံ့ ဖြစ်လာမည် နှင့် ရွာသူရွာသားများ အားလုံးလည်း အချိန်ပေး၍ အစည်းအဝေးသို့ ပုံမှန်တက်ရောက် ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့သည် -

ဆွေးနွေးချက် ။ ။ လူထုစည်းရုံးရေးမှူး ဦးအောင်ညီညီဦးမှ ကျေးရွာသူကျေးရွာသားများအား မိတ်ဆက်၍ စီမံကိန်း စတင်ဖြစ်ပေါ်လာပုံနှင့် ရွာသူရွာသားများအားလုံး နှင့် သက်ဆိုင်သော အားလုံးပူးပေါင်းပါဝင်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် ပူးပေါင်းပေးရန် ပြောကြားခဲ့သည် -

ဆွေးနွေးချက် ။ ။ ဦးအောင်ညီညီဦးမှ စီမံကိန်းမိတ်ဆက် (၁၅) ချက်အား ရှင်းလင်းပြောကြားခဲ့သည် - စီမံကိန်းစက်ဝန်းကို ရှင်းပြခဲ့သည် - အပိုင်းကြီး (၅) ပိုင်းနှင့် အဆင့်ပေါင်း (၁၄) ဆင့်အား ရှင်းပြခဲ့သည် -

ဆုံးဖြတ်ချက်

သဘောတူညီချက်

| | |
|---|---|
| ဆွေးနွေးချက် ။<br>ဆုံးဖြတ်ချက်<br>အကောင်အထည်ဖော်ချက် | ။ ဆက်လက်၍ စီမံကိန်းတွင် အစိတ်အပိုင်းဝင်သူများနှင့် ဝေငှခဲ့သည့် ကဏ္ဍများအကြောင်း ရှင်းပြခဲ့သည်- ထို့နောက် ရှင်းလင်းပြီး သည့်များကို မရှင်းလင်းသေးသည်ပါက ပြန်လည်မေးမြန်းနိုင် ပါကြောင်း ပြောကြားခဲ့သည်- ရွာလူထုမှ သိလိုသည်ကြောင်းပြော သဖြင့် ပြောပြီးသည့်များအား ပြန်လည်အနှစ်ချုပ် ပြောကြား ခဲ့သည်- |
| ဆွေးနွေးချက် ။<br>ဆုံးဖြတ်ချက်<br>အခြား | ။ ဆက်လက်၍ ဦးအောင်ညီညီဝိုးမှ ကျေးရွာစေတနာ့ဝန်ထမ်းရွေး ချယ်မည့်အကြောင်းကို ရှင်းပြခဲ့သည်- အမျိုးသား (၁) ဦး အမျိုးသမီး (၁) ဦး ရွေးချယ်ရပါမည်။ ကျေးရွာတွင်စေတနာ့ဝန် ထမ်း အဖြစ်ဆောင်ရွက်မည့်သူ မေးရာတွင် ဦးဝင်းအောင် နှင့် ဒေါ်ချိုချိုဝင်း တို့ကို ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် ယုံကြည်စွာဖြင့် ရွေးချယ်ခဲ့သည်-<br>စေတနာ့ဝန်ထမ်း ရွေးချယ်ပြီးနောက် ဦးအောင်ညီညီဝိုးမှ ရွာသူရွာသား များအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုဝေမျှပွဲ စီမံကိန်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်- |

မှတ်တမ်းတင်သူ

(signature)

ဦးအောင်ညီညီဝိုး

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ချောင်းဆောက်ကျေးရွာ |
| ကျေးရွာအုပ်စု | ရေကျော်ကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ချောင်းဆောက်ကျေးရွာ ဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၅.၂.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာဥက္ကဌအား ကြိုဆိုအစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၃၉)ဦး ၊မ (၂၀၂ )ဦး= (၄၄၁) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားများနှင့် အမျိုးသမီးများနှင့် အသက်အရွယ်များအား သိရှိစေရန် ၊ ကျေးရွာတွင် မျှော်မှန်းချက်များအား သိရှိစေရန် ၊ ဦးစားပေးလုပ်ငန်းများအား သိရှိစေရန် ၊ စီမံကိန်း လုပ်ငန်းစုများအား ဦးဆောင်လုပ်ကိုင်နိုင်စေသည့် စီမံကိန်းစု၏ ကော်မတီဝင်များ ထွက်ပေါ်လာရန်

ဆွေးနွေးချက် ။ ။ ဦးဆောင်ညှိနှိုင်းသူမှ အမျိုးသား ၊ အမျိုးသမီးများအား သိရှိအောင်ပြောပြ ၎င်းတို့နှင့်အသက်အရွယ်များ ကျေးရွာအတွက်မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်းအသက်အရွယ်များမှ မျှော်မှန်းချက်သို့ ရောက်ရှိရန် စီမံကိန်းလုပ်ငန်းစုများဖြင့် သွားမှသာ ရနိုင်မည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ အမျိုးသား ၊ အမျိုးသမီးများနှင့် ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းရေး၍ မဲပေးခြင်းဖြင့် ဦးစားပေးသတ်မှတ်ခဲ့သည်။

ဆုံးဖြတ်ချက် ။ သဘောတူညီချက် ။ မဲပေးရွေးချယ်ရာတွင် (၁) အဝေးကွက်သစ်လမ်း ကွန်ကရစ်ခင်းခြင်း (၂) ရေကန်ခြံစည်းရိုး (၃) ရွာတွင်းလမ်း ပြုပြင်ခြင်း (၄) အရှေ့ကွက်သစ်လမ်း ကွန်ကရစ်ခင်းခြင်း (၅) ဘုန်းကြီးကျောင်းလမ်း ကွန်ကရစ်ခင်းခြင်း (၆) စာသင်ကျောင်း အိမ်သာများ ဆောက်ခြင်း (၇) ဆေးပေးခန်း ပြုပြင်ရန် (၈) စာသင်ကျောင်း ခြံစည်းရိုး ပြုပြင်ရန် (၉) ရေတွင်းများ ပြုပြင်ခြင်း (၁၀) ရေစက်ကန်ဆောက်ခြင်း တို့ဖြင့် အသီးသီး ဦးစားပေးလုပ်ငန်းအဆင့်ကို နှင့်ထင်ဖြစ်သောမှ မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။
သဘောတူညီချက်

။ ကျေးရွာနှင့် ဦးအားပေးလုပ်ငန်းများအား မိုးကုန်းနဲ့ ဒီဇင်ဘာ ကျေးရွာစီ စောင့်ကြပ်ခေါင်း အောင် အားရှိရမည်ဟု ဆွေးနွေးရာ ၄င်းတို့နှင့် ကတိကဝတ်များ အမျိုးသား အမျိုးသမီး (၁) ဦးစီ ဝိုင်းရှိရမည်ဟု ပြောကြားခဲ့ရာ ကျေးရွာလူထုအား (၃) ဦးစီ အဆိုပြုခဲ့ရာ မဲပေးရွေးချယ်ခဲ့ရာ ဦးမြင့်ရီ နှင့် ဒေါ်ကြင်နွဲ့ တို့ကို ရွေးချယ်ခဲ့သည်။ ကျေးရွာငွေစာရင်းကိုင်အတွက် (၃) ဦး အဆိုပြုခဲ့ရာ မဲပေးရွေးချယ်ခဲ့ရာ ဒေါ်အေးအေးမော်အား ရွေးချယ်ခဲ့သည်၊ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအတွက် ဦးဖြိုးဝေလင်း နှင့် ဒေါ်သန်းသန်းမြ တို့ကို ရွေးချယ်ခဲ့သည်။ ထောင် ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီအတွက် ဦးဝင်းဝေ နှင့် ဒေါ်မြမြအေး တို့ကို ရွေးချယ်ခဲ့သည်။ ဝယ်ယူရေးဆပ်ကော်မတီအတွက် ဦးစိုးသိန်း၊ ဦးအေးမြင့် နှင့် ဒေါ်ခင်စန္ဒာအောင် တို့ကို မဲပေးရွေးချယ်ခဲ့သည်။ ထိန်းသိမ်းပြုပြင်ရေးအဖွဲ့အတွက် ဦးဝင်းမြင့်၊ ဒေါ်စောနုနှင်း တို့ကို ရွေးချယ်ခဲ့သည်။ ကျေးရွာလူထုအား ထပ်မံ၍ ဦးအောင်ညွှန့်ဦး မှ ယခုမဲပေးရွေးချယ်မှုအပေါ် ကျေးရွာလူထုနှင့် သဘောထားကို ထပ်မံမေးမြန်း၍ ရွေးချယ်ခံရသူများကို လက်ခံသလားဟု မေးမြန်းရာ အားလုံးသဘောတူညီသဖြင့် ရွေးချယ်ခံရသော ကော်မတီဝင်များကို အတည်ပြု သတ်မှတ်ခြင်း နှင့် လိုအပ်သော လုပ်ငန်းသတ်မှတ်ချက်များ လက်မှတ်ရေးထိုး၍ ကျေးရွာနှင့်ကျေးရွာသားများနှင့် သဘောတူညီမှုဖြင့် အောင်မြင်စွာဖြင့် ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

မှတ်တမ်းတင်သူ

(signature)

ဦးအောင်ညွှန့်ဦး

ဒုတိယဥက္ကဋ္ဌ ရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊